၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၅)ရက်မှ (၂၁)ရက် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၅	
၂	မန္တလေး	၂	
၃	ကရင်	၆	
၄	ပဲခူး	၁	
၅	မကွေး	၄	
၆	ရှမ်း	၄	
၇	ကချင်	၃	
၈	ရခိုင်	၃	
၉	ကယား	၁	
၁၀	တနင်္သာရီ	၁	
	စုစုပေါင်း	၃၀	

ဧပြီ (၁၅)ရက်နေ့မှ (၂၁)ရက် အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် လေကြောင်းအသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်း များ ပြုလုပ်ခဲ့သည်။ ကရင်ပြည်နယ်တွင် စစ်အာဏာရှင်တပ်က ဓာတုအဆိပ်ဗုံး အသုံးပြုခြင်းများ ရှိခဲ့သည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနား အကျဉ်းထောင်တွင် စစ်အာဏာရှင်တပ်သားများနှင့် ရဲများ ဝင်ရောက်ပစ်ခတ်မှုကြောင့် နိုင်ငံရေး အကျဉ်းသား (၂)ဦး အပါအဝင် (၄)ဦး သေဆုံးခဲ့သည်။ စစ်အာဏာရှင်တပ်က ပဲခူးတိုင်းဒေသကြီး ပေါင်းတည် မြို့မှ စစ်မှုမထမ်း လိုသော လူငယ်ကို အမှုဖွင့်ခြင်း၊ မိခင်ကို ဓားစာခံ အဖြစ် ဖမ်းဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်။

Share
made with infogram

၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၅)ရက်မှ (၂၁)ရက် အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ	အကြိမ်ရေ
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၁၁
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၅
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၈
၄	အသက်မပြည့်သေး ကလေးများ ထိခိုက်ခြင်း	၁
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၉
၆	ဖမ်းဆီးခံရခြင်း	၃
၇	လူသတ်ခိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၂
၈	အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြေငြာခြင်း	၄
၉	အသက်မပြည့်သေး ကလေးများ သေဆုံးခြင်း	၂
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ဖျက်/ဖျက်ဆီးခြင်း	၂
၁၁	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခြင်း	၁
၁၂	လေကြောင်းအသုံးပြုခြင်း	၈
၁၃	မြေမြှုပ်မိုင်း	၁
၁၄	ရေကြောင်းဖြင့် ပစ်ခတ်ခြင်း	၁
၁၅	နေရပ်သေသေ စွန့်ခွာရခြင်း	၂
၁၆	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၂

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၂၀)နီးပါး သေဆုံးခဲ့ပြီး (၁၀)ဦးကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက် မှုများကြောင့် အသက်မပြည့်သူ (၃)ဦး သေဆုံးခဲ့ရပြီး (၂)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင် တပ်သားများ၏ မြေမြှုပ်မိုင်းကြောင့် ရခိုင်ပြည်နယ်၊ စစ်တွေ ပြည်သူ (၅)ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram